# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

## နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လူ့အခွင့်အရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ကြိုဆိုကြောင်း ထုတ်ပြန်ချက်

၁။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့၌ Virtual Format ဖြင့် ကျင်းပခဲ့သည့် "လွှတ်တော်ကိုယ်စားလှယ်များ၏ လူ့အခွင့်အရေးကော်မတီ - Committee on Human Rights of Parliament -arians" ကြားနာပွဲသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်၍ မြန်မာနိုင်ငံရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

၂။ ယင်းကော်မတီ၏ ဆုံးဖြတ်ချက်အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် စပိန်နိုင်ငံ၊ မက်ဒရစ်မြို့၌ ကျင်းပခဲ့သည့် "**IPU အမှုဆောင်ကောင်စီ၏ ၂၀၈ ကြိမ်မြောက် အစည်းအဝေး**"၌ အတည်ပြုခဲ့ပြီး ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အခြေအနေများနှင့် စပ်လျဉ်း၍ ထည့်သွင်း ချမှတ်အတည်ပြုခဲ့ခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ကြိုဆိုပါကြောင်း ထုတ်ပြန်အပ်ပါသည်။

၃။ ကော်မတီ၏ ဆုံးဖြတ်ချက်သည် မြန်မာပြည်သူတို့၏ ပကတိ သဘောထားနှင့် ဒီမိုကရေစီကို ကာကွယ်လိုသည့် ပြင်းပြသော စိတ်ဆန္ဒကို လေးစားတန်ဖိုးထားခြင်းဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်ခံနေရသည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရပ်တည်ပေးပြီး ကူညီဆောင်ရွက်ပေးခဲ့ကြသည့် နိုင်ငံတကာပါလီမန်များအဖွဲ့၊ အမှုဆောင်ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လူ့အခွင့်အရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ IPU အဖွဲ့ဝင်လွှတ်တော်များအား ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ အာဆီယံက ချမှတ်ထားသည့် ဘုံသဘောတူညီချက် (၅) ချက်ကို စစ်ကောင်စီက လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပြည်သူလူထုအပေါ် ပိုမိုဆိုးရွားသော အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်လျက်ရှိပြီး ယင်းဘုံသဘောတူညီချက်များသည်လည်း လက်ရှိ မြန်မာ့နိုင်ငံရေး အကြပ်အတည်းအတွက် ဖြေရှင်းနိုင်သည့် အခြေအနေတစ်ခုမဟုတ်ကြောင်း လုပ်ဆောင်ချက်များက သက်သေပြလျက်ရှိပါသည်။

၅။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌ အကြမ်းဖက်စစ်ကောင်စီတပ်များ၏ လူ့အခွင့်အရေးချိုးဖောက်နေမှုများ၊ ဥပဒေမဲ့ ဖမ်းဆီးနေမှုများ၊ ညှဉ်းပမ်းနှိပ်စက်သတ်ဖြတ်နေမှုများ ရပ်တန့်ရေး အပါအဝင် စစ်အာဏာရှင်စနစ် အပြီးတိုင် ချုပ်ငြိမ်းရေးတို့အတွက် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် စစ်ကောင်စီအပေါ် ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်၍ မြန်မာပြည်သူလူထု၏ အသက်နှင့် အခွင့်အရေးများကို ကာကွယ်ပေးရန် ထပ်မံတောင်းဆိုအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ**

**IPU ၏ လွှတ်တော်ကိုယ်စားလှယ်များ လူ့အခွင့်အရေးကော်မတီ ဆုံးဖြတ်ချက်ပါ မြန်မာလွှတ်တော်ကိုယ်စားလှယ်များအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သည့် တောင်းဆိုချက်များ**

- နိုင်ငံတကာရွေးကောက်ပွဲ အစီရင်ခံစာများအရ ၂၀၂၀ ခုနှစ်၊ ရွေးကောက်ပွဲရလဒ်သည် လွတ်လပ်ပြီး တရားမျှတမှုရှိကြောင်း မီးမောင်းထိုးပြသော်လည်း ၎င်းရလဒ်ကို လစ်လျူရှုကာ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသူများအား အာဏာလွှဲပြောင်းပေးလိုခြင်း မရှိဘဲ စစ်တပ်အာဏာပိုင်များ၏ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသော မူဝါဒများအပေါ် ရှုတ်ချပါကြောင်း၊
- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စ၍ ပေါ်ပေါက်လာခဲ့သော ဆန္ဒပြမှုများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ရလဒ်အပေါ် ပြည်သူလူထု၏ယုံကြည်မှုနှင့် မကြာသေးမီ နှစ်များက ရရှိလာခဲ့သည့် ဒီမိုကရေစီရလဒ်များကို အခိုင်အမာကာကွယ်ရန် ပြသနေသော သင်္ကေတများဖြစ်ပါကြောင်း၊
- စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်တို့အပေါ် ချိုးဖောက်ထားသည့် ရာဇဝတ်မှုများ ဆိုင်ရာ အစီရင်ခံစာများအရ အတင်းအဓမ္မ အာဏာသိမ်းပိုက်ပြီးနောက် ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်မှုများကြောင့် အသက်ပေါင်းများစွာ သေကြေပျက်စီးမှုအတွက် တုန်လှုပ် ချောက်ချားမိကြောင်း၊
- အာဆီယံမှ ကြားဝင်စေ့စပ်ထားသည့် ဘုံသဘောတူညီချက် (၅)ချက်ကို အကောင်အထည် ဖော်ရန်အတွက် ပေးအပ်ထားသော ကတိကဝတ်ကို လေးစားလိုက်နာရန်နှင့် အကြမ်းဖက်မှုများကို ချက်ချင်း အဆုံးသတ်ပေးရန် စစ်တပ်အာဏာပိုင်များအား တိုက်တွန်းပါကြောင်း၊
- ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းအတွက် စစ်အာဏာပိုင်များက အရေးယူခဲ့ ခံရသည့် မြန်မာလွှတ်တော်ကိုယ်စားလှယ် (၅၅) ဦးနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များ အတွက် များစွာစိုးရိမ်ပါကြောင်း၊
- အကျဉ်းထောင်များတွင် ဖမ်းဆီးခံလွှတ်တော်ကိုယ်စားလှယ်များသည် ဆေးဝါးကုသခွင့်နှင့် ဥပဒေအကြံဉာဏ်များ ရယူခွင့်မရှိခြင်း၊ အချို့ပုဂ္ဂိုလ်များအား လျှို့ဝှက်စွာ တရား စီရင်မှုများ ပြုလုပ်နေခြင်းတို့ အပါအဝင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကျား-မ အခြေပြု အကြမ်းဖက်ခြင်းတို့ ကြုံတွေ့နေရပြီး အဆက်အသွယ်ဖြတ်တောက်ထားကာ အကျဉ်းထောင်များ၌ ဖမ်းဆီးထိန်းသိမ်း ခံထားမှုအပေါ် ထိတ်လန့်တုန်လှုပ်မိပါကြောင်း၊

- NLD ပါတီ၏ အကြီးတန်းပြောရေးဆိုခွင့်ရှိသူတစ်ဦး ထောင်ထဲတွင် ကိုဗစ်ပိုး ကူးစက်ခံရပြီး သေဆုံးသွားသကဲ့သို့ မြင့်မားသော ကိုဗစ်-၁၉ ကူးစက်ခံနေရမှုအန္တရာယ်နှင့် ကြုံတွေ့နေရသည့် အဖမ်းဆီးခံ လွှတ်တော်ကိုယ်စားလှယ်များအတွက် စိုးရိမ်ပါကြောင်း၊
- တချို့ လွှတ်တော်အမတ်များအား ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ခြင်းအတွက် ကြီးလေးသော အပြစ်ဒဏ်ချခံနေရခြင်းများအပေါ် လွန်စွာ စိုးရိမ်ပါကြောင်း၊
- ထိန်းသိမ်းခံနေရသည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ခြွင်းချက်မရှိ ချက်ချင်း ပြန်လွှတ်ပေးရန်နှင့် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ၏ နိုင်ငံရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းမှ တားဆီးရန် အကျဉ်းထောင်များတွင် လျှို့ဝှက်ကြားနာစစ်ဆေးခြင်းအပါအဝင် စစ်တပ်အာဏာပိုင်များက လုပ်ဆောင်နေသော လုပ်ရပ်အားလုံးကို ချက်ချင်း အဆုံးသတ်ပေးရန်၊
- ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ လူ့အခွင့်အရေးကို စစ်တပ်အာဏာပိုင်များက လေးစားလိုက်နာရန်နှင့် ကိုယ်စားလှယ်များအနေဖြင့် စစ်တပ်မှ အရေးယူမှုများကို ကြောက်ရွံ့မှုမရှိဘဲ အပြန်အလှန်ဆက်သွယ် ဆောင်ရွက်ခွင့်၊ စုဖွဲ့ခွင့်၊ စုဝေးခွင့်၊ အမြင်များ ဖော်ပြခွင့်များကို စစ်တပ်အာဏာပိုင်များက ပိတ်ပင်တားဆီးခြင်း မပြုလုပ်ရန်၊
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အဖွဲ့ဝင် ၂၀ ဦးနှင့် အခြားသော ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ရွေးကောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်လုပ်ငန်းတာဝန်များ ဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ ရုပ်ပိုင်းဆိုင်ရာနှင့် ဥပဒေဆိုင်ရာ အရေးယူနေမှုများမှ ရပ်တန့်ပေးရန်၊
- လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစည်းမျဉ်းများနှင့် တရားဥပဒေစိုးမိုးရေးတို့ကို လိုက်နာရန်နှင့် ၎င်းတို့၏ လူ့အခွင့်အရေးများနှင့် အညီ ဆောင်ရွက်နေသူများအပေါ် အင်အားအလွန်အကျွံသုံး ဖိနှိပ်နေမှုကို ချက်ချင်းရပ်တန့်ရန်၊
- စစ်တပ်အာဏာပိုင်များမှ အထက်ဖော်ပြပါ အချက်များနှင့် စပ်လျဉ်း၍ အရေးကြီးကိစ္စရပ်အနေဖြင့် လိုက်နာဆောင်ရွက်ပေးရန်၊
- CRPH အဖွဲ့ဝင်များအပါအဝင် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် တညီတညွတ်တည်း ရပ်တည်ကြောင်း ပြသရန် မြန်မာ

နိုင်ငံတွင် ဒီမိုကရေစည်းမျဉ်းစည်းကမ်းများနှင့် လူ့အခွင့်အရေးများအပေါ် လေးစား လိုက်နာရေး IPU အဖွဲ့ဝင်လွှတ်တော်များ၊ အမြဲတမ်းလေ့လာသူများနှင့် အာဆီယံပါလီမန်များညီလာခံ (AIPA) အပါအဝင် လွှတ်တော်ညီလာခံများက ဖိအားပေးရန်၊

- မြန်မာလွှတ်တော်ကိုယ်စားလှယ်များနှင့် စည်းလုံးညီညွတ်စွာ ရပ်တည်ပေးသော နိုင်ငံတကာ ကွန်ရက်အား ပိုမိုအားကောင်းလာစေရေး မြန်မာနိုင်ငံအတွက် နိုင်ငံတကာလွှတ်တော် ကိုယ်စားလှယ်များ မိတ်ဖက်အဖွဲ့ (IPAM) နှင့် လက်တွဲ၍ IPU အဖွဲ့ဝင်လွှတ်တော်များနှင့် အတွင်းရေးမှူး ချုပ်ရုံးက လုပ်ဆောင်ပေးရန်၊
- ဒေသတွင်း တက်ကြွသော နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ယခုကဲ့သို့ ကြိုးပမ်းဆောင် ရွက်မှုအား အကူအညီပေးရာတွင် ခိုင်မာသော ဆောင်ရွက်ချက်များ လုပ်ဆောင်ပေးရန်၊
- ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် အဖွဲ့ဝင်လွှတ်တော်များအနေဖြင့် ဆောင်ရွက်ရန်ရှိသည့် အဆင့်များကို အသိပေးတင်ပြရန်၊
- အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် စစ်တပ်အာဏာပိုင်များ၊ တိုင်ကြားသူနှင့် ကြားခံ အဖွဲ့အစည်းတို့ထံသို့ ဆီလျော်သည့် သတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက် ယခု ဆုံးဖြတ်ချက်အား ပေးပို့ရန်၊
- ထို့ပြင် အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် ယခုဆုံးဖြတ်ချက်ပါ ကိစ္စရပ်များအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် စိုးရိမ်မှုများအား ကိုင်တွယ်ဖြေရှင်းအတွက် ဖြစ်နိုင်သမျှ အခြားနည်းလမ်းများကို ရှာဖွေဖော်ထုတ်သွားရန်၊
- ကော်မတီအနေဖြင့်လည်း ယခုဖြစ်စဉ်အား ဆက်လက်စစ်ဆေးသွားရန်နှင့် အချိန်နှင့် တစ်ပြေးညီ အစီရင်ခံတင်ပြရန်။